# “ကွမ်းသီးပင်”တွင်ကျရောက်သောရောဂါများနှင့်ကာကွယ်နှိမ်နင်းနည်းများ

## (၃) ကြပ်ခိုးမှိုရောဂါ (Sooty mould)

**ရောဂါဖြစ်စေသောသက်ရှိ - Capnodium spp.**

**ရောဂါလက္ခဏာများ**

အရွက်၊ ပန်းပွင့်၊ အသီးနှင့်သီးခိုင်များတွင် အမည်းရောင် မှိုများ ပြင်လိုက်ကပ်နေသည်။ ရောဂါကျ သောအစိတ်အပိုင်းအားလုံး အမဲရောင်မှိုမျှင်များဖြင့် ကပ်နေသည်။ ယင်ဖြူ၊ ပျ၊ မီလီဂျပိုး နှင့် အကြေးပိုးတို့မှ စစ်ထုတ်သော အချိုရည်များသည် ကြပ်ခိုးမှိုများ ပေါက်ရန် အာဟာ ရပြင် ဖြစ်သည်။ အရွက်မျက်နှာပြင်တစ်ခုလုံး အမည်းရောင် ကျပ်ခိုးမှိုများဖုံးလွှမ်း ထားသဖြင့် အစာ ချက်နှုန်းကိုထိခိုက်သည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- အပင်ငယ်ပါက အရွက်အားရေဖြင့်ဆေးကြောသုတ်သင်ပါ။
- စုပ်စားပိုးများမှ စစ်ထုတ်ရည်ဖြစ်သော အချိုရည်ပေါ်တွင် ထိုကြပ်ခိုးမှိုပေါက် သဖြင့် အချိုရည် ထုတ်သောစုပ်စားပိုးများ(ယင်ဖြူ၊ ပျ၊ မီလီဂျပိုး နှင့် အကြေးပိုး) ကိုနှိမ်နင်းပါ။
- အချိုရည်စားသော ပုရွက်ဆိတ်များသည် ၄င်းမှိုများအား တစ်နေရာမှ တစ်နေ ရာသို့ ကူးစက်စေနိုင်သဖြင့် အပင်အား ပုရွက်ဆိတ်များ ကျရောက်မှုမှ ကာကွယ် ပါ။
- ရောဂါကျရောက်မှုများပါက Copper (ကော့ပါး) ပါဝင်သောဆေး၊ Mancozeb (မန်ကို ဇက်) စသော မှိုသတ်ဆေးတို့ကို အသုံးပြုပက်ဖျန်းပါ။